
Tae Ra
ချစ်စိတ်လေးတွေ မှုးမွှင့်စေ
(ရှီလော့စန်း)
စာစဉ် - ၁၃

# အခန်း ၂၄၁။
# မင်းထက် အသက်ပိုကြီးတယ်ဆိုတော့ သည်းခံညှာတာပေးလိုက်ပါမယ်လေ

ဆရာဝန်လည်း ဘာပြောရမည် မသိတော့။ 'ဒါ ဘယ်လိုလုပ် သူ့အမှားဖြစ်နိုင်မှာလဲ။ သူ ဆရာဝန်ဖြစ်တာပဲ ဆယ်စုနှစ်ပေါင်းများနေပြီ၊ ဒါပေမဲ့ အခုဖြစ်တာကတော့ သူ့အတွက် အသစ်အဆန်းတွေပဲ'

သို့ပေလျက် ချမ်းသာကြွယ်ဝ ဩဇာကြီးမားသော ရှန်ကျွင်းထင်ကို မျက်နှာချင်း ဆိုင်နေရသည့်အခါမှာတော့ ဆရာဝန်မှာ တောင်းပန်စရာက လွဲ၍ အခြား ရွေးချယ်စရာ မရှိတော့ပေ။

"တောင်းပန်ပါတယ်၊ မစ္စတာရှန် ကျွန်တော့်ဘက်က သေချာ မရှင်းပြနိုင်ခဲ့တာပါ"

"အင်း၊ ခင်ဗျား သွားလို့ရပြီ၊ လိုရင် ခေါ်လိုက်မယ်" ရှန်ကျွင်းထင် တံခါးဝဆီ မေးထိုးပြလိုက်ပြီး တုံးတိတိသာ တုံ့ပြန်သည်။

ဆရာဝန်ထွက်သွားတော့ လော့စန်းသည် ခေါင်းအုံးကို ယူပြီး ဒေါသလည်း ထွက်၊ ရှက်ရမ်းလည်း ရမ်းကာ ရှန်ကျွင်းထင်ကျောကို ရိုက်တော့၏။ ရှန်ကျွင်းထင်က ချက်ချင်း ပြန်လှည့်လာပြီး မျက်မှောင်ကြုတ်ကာ ပြစ်တင်တော့လေသည်။

"မင်း ခေါင်းထိသွားတာကို ကိုယ့်ဟာကိုယ် သိနေတာပဲ၊ ဒါတောင် ကိုယ့်

ကျန်းမာရေးကို အလေးအနက်မထားဘဲ ကိုကို မြူဆွယ်တာ၊ အခုကျတော့ မင်း သတိတောင် လစ်သွားရတယ် မဟုတ်လား၊ နောက်ဆို အဲ့သလို မလုပ်ရဘူးနော်"

လှော့စန်းမှာ ဒေါသကြောင့် ပါးသွေးများပါ ရဲလာတော့လေသည်။ သူမ ခေါင်းအုံးကို ပြန်ချထားလိုက်သည်။ အကြောင်းက သူ့အား ခေါင်းအုံးဖြင့် ရိုက်ရုံမျှနှင့် သူမ ဒေါသပြေပျောက်မည် မဟုတ်သောကြောင့်ပေ။ သူမ သူ့ကို အုတ်နီခဲဖြင့် ထုလိုက်ချင်သည်။ သူက အပြစ်ရှိသူဖြစ်နေသည်ကို သူမကို ဘာကြောင့် အပြစ်လာဖို့နေနိုင်သည်လဲ။ ပြောသည့်လေသံ စကားအချီအချကလည်း သူကပဲ ဆီလျော်နေသလိုလို။

"ရှင် ကျွန်မကို အကြမ်းပတမ်း လာမနမ်းရင် ကျွန်မ သတိလစ်သွားမလား၊ ရှင် ကျွန်မကို အသက်ရှူခွင့်တောင် ပေးခဲ့လို့လား" သူမ ပြန်ပြောလိုက်တော့သည်။

"ဒါ ဘယ်မှာ ကြမ်းတယ်ပြောလို့ ရမလဲ၊ အဲလို နက်နက်ရှိုင်းရှိုင်း နမ်းမိသွားအောင် မင်းပဲ ကိုယ့်ကို ဆွဲဆောင်ဖြားယောင်းသွားတာလေ" ချန်ကျွင်းထင် သူမကို မတတ်သာဟန်နှင့် ကြင်နာစွာ ကြည့်လျက် ပြောလိုက်သည်။

"မင်းမှာ အရင်က စေ့စပ်ဖူးသူလဲ ရှိခဲ့သားနဲ့ နမ်းတာကလဲ မကျွမ်းကျင်လိုက်တာနော်၊ ယီကျင်ရှီးက အတော်လေး ညံ့ဖျင်းပုံရတယ်၊ သူနဲ့ ပြင်သစ်အနမ်း မပေးဖူးဘူး မဟုတ်လား၊ မဟုတ်ရင် ဘာလို့ နမ်းနေတုန်း အသက်ဘယ်လို ခိုးရှူရမယ်ဆိုတာ မသိတာလဲ"

"ကျွန်မတော့ မပြောနိုင်တော့ဘူး၊ စကားလဲ ထပ်လာမပြောနဲ့တော့၊ မဟုတ်ရင် ရှင့်ကို ဘယ်တော့မှ မနမ်းတော့ဘူး" လှော့စန်း ဒေါသထွက်လွန်း၍ မျက်နှာလွှဲသွားကာ စကားဆက် မပြောတော့ပေ။

သူမသာ ဆက်ပြောနေမည်ဆိုလျှင် ဒေါသထွက်ရလွန်း၍ သတိများ ထပ်

လစ်သွားမလား မပြောတတ်ပေ။

"ကိုယ်က စကားအဖြစ်ပဲ ပြောတာကို၊ ဘယ်လိုလုပ်ပြီး စိတ်ဆိုးရတာလဲ၊ ကလေးလဲ မဟုတ်ဘဲနဲ့"

နျှန်ကျွင်းထင်က သူမအတွက် စားပွဲသန့်ရှင်းရေး လုပ်ပေးရင်း ပြောလိုက်သည်။ "ထားလိုက်ပါတော့၊ ကိုယ်က သည်းငယ်ထက် အသက်ကြီးတာဆိုတော့ သည်းခံပေးရမှာပေါ့လေ"

လော့စန်း ပြောစရာ စကား မရှိတော့။

'သည်းခံတယ် ဟုတ်လား၊ ကျွန်မတော့ ရှင့်သည်းခံညှာတာမှုကို မလိုချင်ဘူးနော်'

သူမ မျက်လုံးသာ မှိတ်ထားလိုက်သည်။ နျှန်ကျွင်းထင် တချွတ်ချွတ်နှင့် အခန်းထဲ လျှောက်သွားနေသည်ကိုတော့ ကြားနေရဆဲ။ ခြေသံများ ရပ်သွားချိန်မှာတော့ သူမ ခုတင်ဘေးမှ အသံအချို့ ကြားလိုက်ရတော့သည်။

လော့စန်း ၅ မိနစ်ခန့်မျှ အိပ်ပျော်ယောင်ဆောင်နေလိုက်သည်။ နောက်တော့ သူမ နျှန်ကျွင်းထင်ဘက် လှည့်ကြည့်လိုက်တော့ သူ ခေါင်းငုံ့လျက် ကီဝီသီး အခွံခွာနေသည်ကို တွေ့လိုက်ရလေသည်။

သူ အခွံခွာသည်က မကျွမ်းမကျင်နှင့်၊ အသီးအတွင်းသားအချို့ပါ ပဲ့ပါသွားလေသည်။

သူ အခွံခွာပြီးသွားချိန်မှာတော့ ကီဝီသီးကလေးမှာ အပိုင်းပိုင်း အစစ ဖြစ်လို့နေပြီ။ သူ အကြာကြီး ငေးကြည့်နေလိုက်သည်။ ထို့နောက်တော့ သူ ခေါင်းငုံ့လိုက်ကာ သူ့ဖာသာပဲ စားပစ်လိုက်တော့၏။

လော့စန်း ထပ်ပြီး ဆွံ့အသွားမိပြန်တော့သည်။

ကီဝီသီးကို စားပြီးသွားတော့ နျှန်ကျွင်းထင်သည် နောက်တစ်လုံးယူကာ

အခွံထပ်ခွာတော့သည်။

"ကျွန်မက လူနာလေ၊ ရှင် ကျွန်မကို အခွံခွာ ကျွေးသင့်တာ မဟုတ်ဘူးလား"

သူမမှာ နှလုံးရောဂါ မရှိသည့်အတွက် ကံကောင်းလှသည်ဟု လော့စန်းထင်မိလာသည်။ သူမမှာသာ နှလုံးရောဂါ ရှိနေလျှင် ရှန်ကျွင်းထင် လုပ်လို့ ဒေါသထွက်ရလွန်း၍ အခါ ရာထောင်မက အကြိမ်ကြိမ်အခါခါ သေလို့ ရနေလောက်ပြီဖြစ်၏။

"ကိုယ်က မင်းကို လှလှပပ ခွာထားတဲ့ ဟာပေးချင်တာလေ၊ ခုနက ကိုယ်ခွာခဲ့တာတွေအားလုံး အရုပ်ဆိုးဆိုးတွေနဲ့ အသားတောင် သိပ်မကျန်ချင်ဘူး" ရှန်ကျွင်းထင်က လှပသောမျက်ခုံးများကို တွန့်ကြုတ်လျက် ဆိုသည်။

"လုခန်းက အသီးရွေးတာ မကောင်းဘူးပဲ၊ သူ့ကီဝီတွေ အကုန် သေးပြီး ပျော့ပြဲနေတာ"

'အဲ့ဒါ ရှင် အခွံ ဘယ်လိုခွာရမှန်း မသိလို့ဖြစ်တာလေ၊ ဘာလို့ လုခန်းကို အပြစ်တင်နေတာလဲ'

သူမ သက်ပြင်းသာ အသာခိုးချလိုက်ကာ ပြောလိုက်တော့သည်။

"အဲလို မလှလို့ မကျွေးကြေးဆိုရင်တော့ ရှင် တစ်အိတ်လုံး အခွံခွာပြီးတာတောင် ကျွန်မ စားရမှာမဟုတ်တော့ဘူး"

"သည်းငယ် အဆင်ပြေတယ်ဆိုရင်လဲ ဒီတစ်ခု ခွာပြီးသားလေး စား" ရှန်ကျွင်းထင် ခေါင်းညိတ်လိုက်ကာ သူမအား ခွာပြီးသား ကီဝီတစ်လုံး ပေးလိုက်လေသည်။

လော့စန်းသည် မလှမပ ရွဲ့ပွဲ့နေသော ကီဝီကို ငုံ့ကြည့်လိုက်ပြီးနောက် အပြစ်မဆိုဘဲ စားနေတော့လေ၏။

"CT သွားရိုက်ဖို့ကို သူနာပြု ခေါ်လိုက်ဦးမယ်နော်၊ အခု သွားရိုက်ရတော့မှာ" ချွန်ကျွင်းထင် ထရပ်လိုက်ကာ သူနာပြုကို ခေါ်လိုက်တော့သည်။

…

ည ၁၁ နာရီခန့်၌ လော့စန်း ကိုယ်လက်သန့်စင်ပြီးနောက် အိပ်ရာထဲ ပြန်လှဲနေလိုက်သည်။

သိပ်မကြာပါချေ၊ သူမ ခန္ဓာကိုယ်တစ်ခုလုံး အပူရှိန်တက်လာသည်။ နေရမသက်မသာဖြစ်လွန်းပြီး မျက်ခွံများပင် မဖွင့်နိုင်တော့။

***

# အခန်း ၂၄၂။

## ရှင်က ကျွန်မအိပ်ရာထဲ ဝင်အိပ်နေပြီး ပြောရချည်သေး

လော့စန်း လက်မှာ အပ်ထိုးခံလိုက်ရရ၍ စူးသွားရသောကြောင့် မျက်ခွံကို မနည်းကြိုးစား ဖွင့်ကြည့်လိုက်သည်။ ထိုသောအခါမှ ချွန်ကျွင်းထင် ခုတင်ဘေးတွင် ထိုင်နေသည်ကို တွေ့လိုက်ရလေသည်။

"သည်းငယ် အဖျားတက်လာလို့၊ အခု မင်းကို သူတို့ ဆေးချိတ်ပေးမလို့တဲ့၊ ပြန်အိပ်လိုက်နော် ကိုယ် မင်းကို ကြည့်နေပေးမယ်"

သူမ၏ အေးစက်နေသော လက်ကလေးများကို သူ အသာဖွဖွဆုပ်ကိုင်ထားပေးလိုက်သည်။ သူ့မျက်ဝန်းများမှာတော့ ချစ်ခြင်းအပြည့်၊ နွေးထွေးမှုအပြည်နှင့်။

လော့စန်းလည်း လေးလံလာသော မျက်ခွံကို ဆက်ထိန်းမထားနိုင်တော့။

သူမ မူးဝေနောက်နောက် သတိမရ တရ အခြေအနေအတွင်း၊ ယီကျင်ရှီးသည် သူမတို့ ရှီမိသားစု ပိုင်ဆိုင်မှုအားလုံး လုယူသွားသည်ကို ပြန်လည်မြင်ယောင် သတိရလာသည်။ သူမတွင် ဘာပိုင်ဆိုင်မှုမှ မရှိတော့အောင် ထားရစ်ခဲ့သည်။ သူမ၏ ကျန်းမာရေး ယိုင်နဲ့ ပြိုလဲသွားအောင် သူ လုပ်ရက်ခဲ့သည်။

ထိုစဉ် တစ်ချိန်က သူမ ရက်ပေါင်းများစွာ အဖျားမကျဘဲ နေမကောင်းဖြစ်ခဲ့သေးသည်။ အနားမှာ မည်သူမျှ မရှိပေးဘဲ သတိလစ်လဲကျရသည်အထိ ဖြစ်ခဲ့ရသည်။ ဆေးတစ်လုံးချိတ်ရဖို့အတွက် ဆေးရုံ အရေးပေါ်ဌာန

အထိ သူမဖာသာ တရွတ်ဆွဲ၍ ဒယီးဒယိုင် ကြိုးစား သွားခဲ့ရလေသည်။

ဆေးပိုက်တန်းလန်းနှင့် ငါးနာရီဆက်တိုက် လှဲနေရသည့်အချိန်မှာလည်း သူမအတွက် စားစရာ ပြင်ဆင် လာပို့ပေးမည့် လူနာစောင့်တစ်ယောက်မှ မရှိခဲ့။ သူမမှာ အစာအိမ်ယောင်သည့် ဝေဒနာကိုပါ ကြိတ်မှိတ်ခံစားခဲ့ရလေသည်။

ထိုစဉ်က အဖြစ်အပျက်များကို ပြန်တွေးရင်း ထိုအခက်အခဲများအားလုံးကို ကြံ့ကြံ့ခံ ကျော်လွှားနိုင်ခဲ့သည်ကို အံ့သြဝမ်းသာစရာ ကောင်းလှသည်ဟု တွေးထင်မိလေသည်။

ယခုတော့ သူမဘေးနားမှာ သူ ရှိနေပြီ။

သူမ စိတ်အေးရသည်။

သူမ အားအင်တို့ကို စုစည်းလိုက်ပြီး သူ့လက်ကို တစ်ချက် ဖျစ်ညှစ်ဆုပ်ပေးလိုက်၏။

သူမ ပါးပြင်ပေါ်မှ မျက်ရည်တစ်စက် လိမ့်စီးကျလာသည်။

သူမခေါင်းအုံးပေါ် မျက်ရည်များ စီးကျ စိုစွတ်သွားသည်ကို ကြည့်လျက် နျှန်ကျွင်းထင်သည် နောက်ထပ် မျက်ရည်စများကို လက်ဖြင့် အသာအယာ တို့သုတ်ပေးနေတော့သည်။

သို့သော်လည်း လော့စန်းနှင့် ယီကျင်ရှီး၏ ဇာတ်လမ်းဟောင်းကို စဉ်းစားမိလေတိုင်း သူ သဝန်တိုရ၊ ဒေါသထွက်ရသည့် ခံစားချက်ကို ထိန်းချုပ်ရခက်ကြောင်း သူ သတိထားနေမိ၏။

သူမ မည်မျှ ကြမ်းတမ်းခက်ထန်သော အခက်အခဲများ ကြုံတွေ့ခဲ့ရမှန်း သူ သိသည်၊ သူမကို ဆက်ပြီး ဒုက္ခမခံစေချင်တော့ပေ။ အခုချိန်မှာ သူ လုပ်ချင်သည့်တစ်ခုတည်းသောအရာမှာ သူမကို ကာကွယ်ဖို့၊ သူမကို ဘယ်သူကမှ

ဘယ်တော့မှ နာကျင်အောင် မလုပ်နိုင်တော့စေရန် ကာကွယ်ဖို့ဖြစ်သည်။

...

တနင်္ဂနွေနံနက်၊ နံနက်ချိန်ခါ၏ နေခြည်နုနုက ရှားမြို့တော် ပြတင်းတံခါးတို့ဆီ ယှက်ဖြာလွှမ်းခြုံလျက် ရှိနေသည်။

လေပြည်နုနု ကျီစားသောကြောင့် ဆေးရုံခန်းတွင်းမှ လိုက်ကာတို့ လွန့်လူးကခုန်နေကြကုန်သည်။

လော့စန်းမှာတော့ သူမ နံဘေး၌ အချိန်ပြည့် အပူဓာတ် ထုတ်လွှတ်နေသော ရေနွေးအိတ်အကြီးစားကြီး ချထားခံရသည့်အလား ခံစားနေမိသည်။ သူမ နွေးထွေးကာ သက်သောင့်သက်သာဖြစ်လှလေသည်။

သူမ အနီးရေနွေးအိတ်ကို ဖက်ခွထားရန် တစ်ဘက်သို့ လှည့်လိုက်သည်။ ထိုသောအခါမှ ထိုအရာမှာ ရေနွေးအိတ်နှင့် မတူမှန်း သတိထားမိတော့သည်။ နောက်ပြီး သူမ ဝမ်းဗိုက်နားမှာ တစ်စုံတစ်ခု လာထောက်မိနေသေးသည်။

လော့စန်း မျက်လုံးက ချက်ချင်းပွင့်သွားတော့သည်။

သူမ မျက်စိရှေ့တည့်တည့် မြင်လိုက်ရသည်က ချောမောလှပခံ့ညားသော မျက်နှာတစ်ခု။ ချွန်ကျွင်းထင်ကတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်။ သူ့မျက်လုံးအောက်မှာလည်း မျက်ကွင်းတွေ ညိုလို့။ မည်းမည်းနက်နက်ထင်းထင်း မျက်ခုံးများနှင့် နူးညံ့သော နှုတ်ခမ်းတစ်စုံက ချွန်ကျွင်းထင်အားပိုမို ငယ်နုသော အသွင်ဆောင်နေစေသည်။

သို့သော်လည်း သူမမှာ သူ့အလှကို တမြတ်တနိုး ကြည့်နေဖို့ စိတ်မပါတော့။ ဤသည်မှာ အရွယ်ရောက်ပြီးသား ယောကျ်ားတစ်ယောက်နှင့် သူမ တစ်အိပ်ရာတည်း ပထမဆုံးအကြိမ် အတူတူ အိပ်ဖူးခြင်း၊ ယောကျ်ားတစ်

ယောက်၏ ရင်ခွင်ထဲ ပထမဆုံးအကြိမ် အိပ်ဖူးခြင်းဖြစ်သည်ကို၊ သူ့ပေါင်ကြားက…

သူမ ခေါင်းကျိန်းရပြီလေ။

လော့စန်း မျက်တောင် မြန်မြန်ခတ်လိုက်ပြီး ချန်ကျွင်းထင်ကို တွန်းဖယ်လိုက်မိတော့သည်။

ချန်ကျွင်းထင် ခုတင်စွန်းမှသည် ကြမ်းပြင်ပေါ်သို့ ဝုန်းကနဲ လိမ့်ကျသွားပြီး လန့်နိုးသွားရတော့သည်။

လော့စန်းကတော့ ကြောင်အနေမိဆဲ။

စက္ကန့်အနည်းငယ်ကြာမှ ချန်ကျွင်းထင် ဒေါသတကြီး ထရပ်လာကာ အံကို ကြိတ်၍ဆိုတော့သည်။

"လော့စန်း"

သူမကတော့ သူ့ပေါင်ခွကြားနေရာကိုသာ ကြည့်နေမိလေသည်။

ချန်ကျွင်းထင် သူမ အကြည့်ကို လိုက်ကြည့်မိရင်း နူတ်ခမ်းများက ပြုံးသွားတော့၏။

"အရင်တစ်ခေါက်က ဘယ်လောက်ကြာခဲ့ပြီမို့လဲ၊ ဒီအခြေအနေကို မရင်းနှီးတာလဲ မဟုတ်"

"ရှင့်ဖင်ကို ရင်းနှီးနေလိုက်" လော့စန်း ရှက်ရှက်နှင့် ပြန်ဆဲမိတော့သည်။

သူမ သူ့ကို ရေချိုးပေးရစဉ်အခါက သူ့လိင်တံ ထောင်မတ်လာခြင်းကို တွေ့မြင်ခဲ့ဖူးသော်လည်း ထိုစဉ်က သူမသည် သူ၏ ချစ်သူရည်းစား မဟုတ်။ ထို့ကြောင့် သူမကိုယ်၌ကလည်း အတွေးမပိုခဲ့ဖြစ်ပေ။

သို့သော်လည်း အခုတော့ အရာရာ မတူညီတော့ပေ။ သူ့ဘောင်းဘီဂွနေရာ ဖောင်းနေသည်ကို တွေ့ရှိမှုနှင့် သူမ တွင်းတူးကာ ဝင်ပုန်းနေချင်မိ

လာသည်။ သို့ပေလျက် ချွန်ကျွင်းထင်ကတော့ နည်းနည်းလေးမှ အရှက်မရှိ။

"ကိုယ်က အဆဲကြမ်းတဲ့ ကောင်မလေးတွေ မကြိုက်ဘူးနော်" ဟုသာ ချွန်ကျွင်းထင် ပြန်ပြောလေသည်။

လော့စန်းလည်း အသက်ပြင်းပြင်း ရှူသွင်းကာ အံကို ကြိတ်လျက်၊ "ရှင်က ကျွန်မအိပ်ရာထဲ ဝင်အိပ်နေပြီး ပြောရချည်သေး၊ ကျွန်မ နေမကောင်းဖြစ်နေတာကို အခွင့်အရေးယူချင်နေတာလား"

"ကိုယ်က ဆိုဖာပေါ် အိပ်မလို့ပါပဲ၊ ဒါပေမဲ့ ခြေထောက်ဆန့်လို့ မရလို့၊ အဲ့မှာ အိပ်ရင် ခါးနာမှာ" ချွန်ကျွင်းထင်က အမှုအမှတ်မဲ့ ခပ်ပေ့ါပေ့ါ ပြန်ပြောလေ၏။

***